VIEW
မြူးစာပေ

# မျိုး
ကလောင်ခွဲ
# ဝ
# သျှိုး

လက်တွဲဖော်



Cover: Idea Kyaw & Mg Kyaw Oo

# အခန်း (၁)

ညနေဘက် မိုးကအေး၏။ ထိုမိုးကို အကြောင်းပြကာ ပင်လယ်ဖြူက အိပ်ရာထက်မှာ စောင်ခြုံကွေးရန်ပြင်သည် ။

သူတို့ မြို့လေးက မြန်မာပြည်၏ အလွန်အေးသော တောင်ပေါ်တစ်နေရာတွင် တည်ရှိကာ မိုးရွာပြီဆိုလည်း ရက်သတ္တပတ်လောက်ကြာမြင့်ချင် ကြာမြင့်နေတတ်သည် ။ နှင်းကျပြီဆိုလည်း လမ်းကို မမြင်နိုင်တော့သည် ထိ နှင်းများ ဖုံးလွှမ်းနေတတ်၏။

နွေရာသီမှာ တောင် စိမ့်စိမ့်လေး အေးနေတတ်သည် လေ။ ထို့ကြောင့်ပင် အလွန်နေလို့ ကောင်းသော မြို့လေးဟု ပင်လယ်ကတော့ ကိုယ့်မြို့ကိုယ် ချီးမွမ်းခန်း ဖွင့်ထား၏။

"ဟဲ့ ပင်လယ် ဒါက ဘာလုပ်နေတာလဲ၊ အမလေး ကိုယ်တော်က ကွေးဖို့ ပြင်နေတယ် ဟုတ်လား ဟိုမှာ နင့်အဖေက တော်ခုတ်မလို့ ပြင်နေတယ်။ နင်ကတော့ ဒီမှာ အပျင်းကြီးနေတယ်၊ တော်တော် အားကိုးရတဲ့ သားပဲ"

ကြီးဒေါ်ကြီးရဲ့ အသံကျယ်ကျယ်က ပင်လယ်ကို ပျဉ်ထောင်အိမ်လေးထဲတွင် မိုးရေကျသံ တဖျောက်ဖျောက်ကို ကျော်လွန်ကာ ဖုံးလွှမ်းသွား၏။

"ဟာ ကြီးဒေါ်ကြီးကလည်း ဗျာ ပင်လယ်က ခုမှ အိပ်မလို့ ပြင်တုန်း

ရှိပါသေးတယ်”

“အေး ဒါဆိုလည်း အိပ်မနေနဲ့ တော့ ဟိုမှာ ငါ့အစ်ကိုနဲ့ လိုက်သွားချေ”

“အဖေကလည်း တကယ်ပဲ ဒီလောက် မိုးတွေကောင်းနေတာကို တောကတက်ချင်သေးတယ်”

“ဟဲ့ ဒီကလေး အဖေကို ဘယ်လိုပြောလိုက်တာလဲ ခု တောသွားမှာက ဝါးခုတ်ဖို့ မဟုတ်ဘူး တဲ့ ၊ အိမ်အတွက် ထင်းခြောက်လိုနေလို့ သွားကောက်ခိုင်းထားတာ”

“ဒီလောက် မိုးရွာနေတာကို ဘယ်က ထင်းခြောက်က ရမှာ လဲ ကြီးဒေါ်ရယ်”

“အဲဒါ နင့်အရေး မဟုတ်ဘူး ၊ နင်လုပ်ရမှာ က ထင်းကောက်ပေးဖို့ ထင်းစည်းပေးဖို့ သယ်ပိုးပေးဖို့ ပဲ ကဲ ပြောနေကြာတယ်၊ ထထ ဟိုမှာ အစ်ကို သွားတော့မယ်”

ပင်လယ်က ကိုယ်ပေါ်မှ စောင်ကို ဖယ်ခွာလိုက်ကာ ခေါင်းများကို တဖျင်းဖျင်းကုတ်လိုက်၏။ ဒီတိုင်းမဖြီးမသင်ဘဲ ထားသော ဆံနွယ်ညို ညိုများက ရှုပ်ပွနေသည် မရှိဘဲ သပ်သပ်ရပ်ရပ်။

စိတ်ညစ်ညစ်နှင့် အိမ်ကပြင်သို့ ထွက်ကာ အဖေ လှည်းပြင်နေရာဆီ လှမ်းမျှော်ကြည့်လိုက်၏။ လှမ်းမျှော်ကြည့်သည် ဟု ဆိုသော်လည်း သူတို့ ခြံဝိုင်းကျဉ်းကျဉ်းလေး၏ အပေါက်ဝနားဆီသို့သာ ဖြစ်သည် ။

“ဟေး ပင်လယ်ဖြူ လာ လာ အဖေနဲ့ တောဘက်ခဏသွားရအောင်”

အဖေက ကပြင်တွင် ရပ်နေသော သူ့အရပ်ကလန်ကလားကြီးကို လှမ်းမြင်လိုက်သည် မို့ ခေါင်းပေါ်မှ ခမောက်ကို ပြင်ဆောင်းရင်း မိုးထဲရေ

ထဲမှာ ပင် အသံကိုမြှင့်ကာ အော်ပြော၏။

“ပင်လယ်ဖြူ မိုးကာအင်္ကျီဝတ်ခဲ့ဦးကွနော်”

အဖေ့စကားအဆုံးမှာ သူ အိမ်ထဲသို့ ပြင်ဝင်ပြီး သံတိုင်တွင် ချိတ်ထားသော ပလတ်စတစ် မိုးကာအင်္ကျီကို ကိုယ်ပေါ်လွှားလိုက်၏။ ထို မိုးကာအင်္ကျီလေးက ကြီးဒေါ်ကြီးကိုယ်တိုင် လွန်ခဲ့သည့်သုံးနှစ်က သူ့အတွက် လုပ်ပေးထားခဲ့ခြင်း ဖြစ်သည် ။

အဲဒီတုန်းကတော့ ထိုမိုးကာကို ဝတ်လိုက်ပါက ပင်လယ်ဖြူ၏ တစ်ကိုယ်လုံးကို မမြင်ရလောက်အောင် နစ်မြုပ်နေသည် ထိ ကြီးကြီးမားမားဖြစ်သည် ။

သို့သော် ခုချိန်မှာ တော့ မိုးကာအင်္ကျီလက်အဖျားများက သူ့လက်တံတောင်ဆစ်ထိ ရောက်နေပြီး အောက်ဖျားများကလည်း သူ့ဒူးဆစ်နားသို့တိုင် မြင့်တက်နေကြပြီဖြစ်သည် ။ ဒါပေမဲ့ မတတ်နိုင်တော့။ ဒီမိုးကာလေး တစ်ထည်သာ ကြီးဒေါ်ကြီး ကျေးဇူးနှင့် အပိုင်ရှိဖူးသည် မို့ ဒါလေးကိုသာ အတင်းထိုးသွင်းရင်း ဝတ်ထွက်ခဲ့လိုက်၏။

သူလှည်းပေါ်သို့ ခုန်တက်လိုက်သည် နှင့် အဖေက သူ့နွားများကို ခပ်ဖြည်းဖြည်း ကြိမ်တို့လိုက်ရင်း တာထွက်စေလိုက်သည် ။

မိုးရွာကြီးထဲမှာ အဖေ့လှည်းကြီးက တအိအိနှင့် ဗွက်ထနေသော ရွာလယ်လမ်းမများကို ဖြတ်ကျော်လာသည် ။ ရွာမြောက်ပိုင်းကို အဖြတ်မှာတော့ သူတို့ ရွာတွင် အခမ်းနားဆုံးဟု ဆိုရလောက်သော အိမ်ကြီးတစ်အိမ်ရှေ့မှ ဖြတ်ကျော်မောင်းနှင်ရ၏။

သူရှစ်တန်းထိ နေခဲ့ဖူးသော ရွာဦးကျောင်းသည် သာ အခမ်းနားဆုံးဟု ထင်မှတ်နေမိသော သူ့အတွေးများကို ထိုမြောက်ပိုင်းမှ အိမ်ကြီးက

တစ်စစီ ဆွဲဆုတ်ပစ်လိုက်သကဲ့သို့ ဖြစ်သည် ။

ကြီးမားခမ်းနားလွန်းလှသော ထိုအိမ်ကြီးနှင့် ခြံကျယ်ကြီးကို သူ တမေ့တမောနှင့် ငေးမောရင်း မျက်စိတစ်ဆုံး ကြည့်နေမိသည် ။

အုတ်နီနီများ အသုံးပြုကာ ဆောက်ထားသော နှစ်ထပ်အိမ်ကြီးက အုတ်ကြွပ်မိုးများ ဖြင့် အင်္ဂလိပ်ခေတ်ပုံစံမျိုး ဖြစ်သော်လည်း ထိုအိမ်ကြီးကို လွန်ခဲ့သည့် တစ်လကျော်ကမှ ဆောက်လုပ်ပြီးစီးခဲ့ခြင်း ဖြစ်သည် ။ ခြံကျယ်ကြီးထဲမှာ လည်း ပန်းရောင်စုံများ ဖြင့် ကဗျာဆန်ဆန်။

ထိုပန်းများကိုတော့ ဒီအိမ်ကြီးရှင်တို့ ၏ ဇာတိ မြန်မာပြည်အောက်ပိုင်းမှ မျိုးများ သယ်လာကာ စိုက်ပျိုးထားခဲ့ခြင်းဖြစ်သည် ။ ဒါပေမဲ့ ခြံအနောက်ထောင့်မှ ချယ်ရီပင်လေးကတော့ ဒီခြံကို ဝယ်စဉ်ကတည်းက ပါလာခဲ့ခြင်း ဖြစ်၏။

သို့သော် ခမ်းနားလှပလွန်းသော အိမ်ကြီးနှင့် ပန်းရောင်စုံများ ဖြင့် ဖူးပွင့်ဝေဆာနေသော ထိုခြံကျယ်ကြီးထဲတွင် သက်ရှိလူသားကတော့ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါလေ။

“အဖေ ဒီအိမ်ကြီးကို သူတို့ ဘယ်အချိန်မှ ပြောင်းလာကြမလဲ မသိဘူးနော်”

“ဟေ မင်းကဘာလို့ သိချင်နေတာလဲကွ ပင်လယ်ဖြူ”

“ဒီလိုပါပဲဗျာ အိမ်ကြီးက သိပ်ခမ်းနားလွန်းလို့ ပါ ၊ ပင်လယ်လည်း ဒီလိုအိမ်ကြီးမျိုးမှာ နေချင်မိတယ်”

သူကတော့ ဘာရယ်မဟုတ် သူ့စိတ်ကူးလေးနှင့် ပြောလိုက်ခြင်း ဖြစ်သော်လည်း အဖေ့မျက်နှာကတော့ ခပ်မှိုင်းမှိုင်း ဖြစ်သွားသည် ။

သူ့စိတ်ကူးဟာ စိတ်ကူးဆိုသည့်အတိုင်း သိပ်ကိုစိတ်ကူးယဉ်

ဆန်သွားခဲ့ပြီဖြစ်သည် ။ သူ့စိတ်ကူးနှင့်ပတ်သက်ပြီး အဖေ့ကို အားနာသွားမိသော်လည်း ပြောမိပြီးပြီမို့ မတတ်နိုင်တော့။

ဒီလိုပဲလေ ပင်လယ်ဖြူဆိုတာ ပြောချင်တာတွေ စွတ်ရွတ်ပြောတတ်ပြီး နောက်ပိုင်းမှာ တော့ နောင်တတွေနှင့် ငါမပြောခဲ့ရင် အကောင်းသားဆိုတာမျိုး အမြဲကြုံတွေ့ရ၏။

တကယ်တော့ သူ့ဟာ စိတ်ထဲရှိသည့်အတိုင်း ပွင့်လင်းလွတ်လပ်စွာ ပြောဆိုနေထိုင်တတ်သည့် အသက်ဆယ့်ခုနစ်အရွယ် ကောင်လေး တစ်ယောက်သာ ဖြစ်ပါသည် ။

အဖေ့လှည်းလေးက တောထဲသို့ စဝင်မိသည် နှင့် မိုးစက်မိုးပေါက်များ ဒဏ်မှ အနည်းငယ် သက်သာသွား၏။ အကိုင်းအခက်ချင်းယှက်ဖြာနေသော သစ်ပင်ကြီးများက တရဟောကျဆင်းနေသော မိုးပေါက်များကိုတောင် လျော့ပါးသွားစေနိုင်သော သတ္တိရှိနေသည် ။

တောဟု ဆိုသော်လည်း လူအများ တောခုတ်၊ အမဲလိုက်၊ မှျစ်ချိုး စသည် ဖြင့် လူအရောက်အပေါက်များ သော တောသာဖြစ်သည် ။ ထို့ကြောင့် တောနင်းဝင်စရာ မလိုဘဲ လှည်းလမ်း လူလမ်းပေါက်ပြီးသား ဖြစ်၏။

“ဒီလို မိုးတွေရွာနေတာကို အဖေက ထင်းခြောက်ဘယ်ကရမှာ လဲဗျ ”

“ဟိုးမှာ တွေ့လား ကျောက်ဂူအမိုးကြီး”

အဖေက ဟိုးခပ်ဝေးဝေးတစ်နေရာကို လက်ညှိုးထိုးကာ ပြော၏။ ပင်လယ်လည်း လှမ်းမျှော်ကြည့်ပြီး ယောင်ယမ်းခေါင်းညိတ်လိုက်သည် ။

အဝေးကြီးဟု ထင်ရသော်လည်း တကယ်တမ်းမှာ တော့ စက္ကန့်ပိုင်း မျှလောက်သာ လှည်းကို ထပ်မောင်းလိုက်ရသည် ။ ကျောက်ဂူကြီးက လူနှစ်ယောက် ကောင်းကောင်း အိပ်စက်နိုင်လောက်အောင် ကျယ်ကျယ် ဝန်းဝန်းရှိ၏။

"ကဲ လှည်းပေါ်ကဆင်းပြီး ထင်းကောက်ရအောင် ပင်လယ်ဖြူ"

"ဗျာ"

သူ့ရဲ့ အာမေဋိတ်သံကို အဖေက နှုတ်မှ မဖြေ။ ကျောက်ဂူထဲသို့ လက်ညှိုးထိုးကာ အဖြေပေး၏။

လှည်းပေါ်မှ ဆင်းကာ သူ သေသေချာချာ ကြည့်မိမှ ကျောက်ဂူကြီး ထဲတွင် ဘယ်လိုရောက်နေမှန်း မသိနိုင်သော ထင်းအဖြစ် အသုံးပြုလို့ ရ သည့် သစ်ကိုင်းသစ်ခြောက်များ ။

"အဖေ ဒါ ဒါတွေက ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ"

"ဘာလဲ တောစောင့်နတ် တောင်စောင့်နတ်တွေ မစတယ်လို့ မင်းက ထင်နေတာလား"

သူ အဖြေမပေးနိုင်ပါ။ တောတွေတောင်တွေနှင့် နီးနီးနားနားမှာ နေ ခဲ့ရသော်လည်း ငယ်စဉ်တုန်းကသာ အဖော်တွေနှင့် လျှောက်ဆော့ဖူး၍ ရောက်ဖူးခဲ့ခြင်းသာ ရှိသည် ။

အဖေက သူ့ကို ဒီလိုမျိုး အလုပ်ကြမ်းတွေ မလုပ်စေချင်ခဲ့။ ထို့ကြော င့်ပင် သူဟာ ဆော့ကစားရမည့် အရွယ်ကို ကျော်လွန်လာခဲ့ပေမယ့် ဘာ အလုပ်မှ လည်း လုပ်ကိုင်ရခြင်းမရှိ။ အဲဒါကြောင့်လည်း တောအကြော င်း တောင်အကြောင်း သူ သိပ်နားမလည်နိုင်။

အဖေ့ဆန္ဒက ပင်လယ်ဖြူကို မြို့ကျောင်းတစ်ကျောင်းသို့ ပို့ကာ

ကျောင်းဆက်တက်စေချင်သည် ။ သူတို့ ရွာလေးမှာ တက္ကသိုလ်တက်ဖူးကာ ဘွဲ့ရသည့်လူဆိုလို့ လက်တစ်ဖက် အရည်အတွက်တောင် မရှိ။ ဒါကလည်း မြို့မှာ ဆွေမျိုးများ ရှိပြီး ထိုအိမ်တွေမှာ နေထိုင်ရင်း ပညာသင်လာခဲ့ခြင်း ဖြစ်သည် ။

ပင်လယ်ဖြူတို့လို ဆွေမရှိ မျိုးမရှိတွေကျတော့ မြို့ကျောင်းဆိုတာနှင့် အလှမ်းဝေးလွန်းနေသည် ။ ဆွေတင်မျိုးတင် မရှိတာလားဆိုတော့ ငွေကြေးအခြေအနေကလည်း မတောင့်တင်း။ အဖေ့မျှော်လင့်ချက်က အရောင်ခပ်ပါးပါး။

သူ့လို အလုပ်ကြမ်းတွေ လုပ်စေခဲ့ပါက ပင်လယ်ဖြူဟာ အလုပ်ကြမ်းသမားပဲ ဖြစ်သွားလိမ့်မည်ဟု ဆိုကာ နည်းနည်းမှ မလုပ်စေခဲ့။ ပင်လယ်ဖြူ ကိုယ်တိုင်ကလည်း ခန္ဓာကိုယ်ကသာ ထွားကျိုင်းလာသည် ။ အလုပ်ဆို ဘာကိုမှ မည်မည်ရရ မလုပ်နိုင်သော လူပျော့လေးတစ်ယောက် ဖြစ်၏။

အဖေဟာ တောထဲမှာ အဆင်ပြေရင်ပြေသလို မုဆိုးလည်း လုပ်သည် ။ တောလည်း ခုတ်သည် ။ ဒီတောအုပ်အစပ်က ချောင်းလေးထဲမှာလည်း ငါးမျှားချင် မျှားသည် ။ သူတို့ အတွက် ဒီတောကိုသာ အားကိုးပြီး ရှင်သန်ရပ်တည်နေရခြင်း ဖြစ်၏။

“သိပ်လည်း မအံ့သြပါနဲ့ ကွာ၊ ဒီထင်းခြောက်တွေအားလုံး အဖေကိုယ်တိုင် ထည့်ထားတာပါကွ၊ ဒီလို မိုးတွေရွာနေတဲ့ အချိန်တွေမှာ ခုလို အရေးပေါ်လာတော့ အဆင်မပြေဘူးလား”

“ဟာ အဖေက တကယ် တော်တယ်ဗျာ”

သူက အဖေ့အကြံကို ချီးကျူးလိုက်သည် ။ အဖေက သူ့ခေါင်းလေးကို ခပ်ဖွဖွပွတ်သပ်ပေးလိုက်ပြီး

"တကယ်တော့ အဖေတို့ မှာ လုံလုံခြုံခြုံ သိုလှောင်ထားလို့ ရမယ့် ဂိုဒေါင်တစ်လုံးလောက် ရှိရင် ဒီလိုလုပ်စရာ မလိုဘူးပေါ့ကွာ၊ ရွာထဲက လူတွေက သူတို့ ခြံဝင်းတွေထဲက ဂိုဒေါင်မှာ ပဲ သိုလှောင်ထားလေ့ ရှိတယ်လေ၊ ဒါပေမဲ့ ပင်လယ်ဖြူရဲ့ လုပ်တတ်ရင် စီးပွားဖြစ်ပါတယ်ကွ၊ ငါက ဒီနေရာမှာ လှောင်ပြီး ဒီလိုမိုးဆက်တဲ့ ရက်တွေမှာ ဈေးပေါပေါနဲ့ ပြန်ရောင်းတော့ အဆင်ပြေတာပေါ့ကွာ"

သူ အဖေ့ကို ထပ်ချီးကျူးမိပြန်သည် ။

"အမှန်တော့ အဖေ့အကြံတွေက မြို့တက်ပြီး ကုမ္ပဏီကြီးထောင်စားရင် တကယ့်ကို ကျိုကျိုတက် ချမ်းသာနိုင်မည့် ဦးနှောက်မျိုးက ထွက်လာတာပဲ"

"ဟား ဟား ဟား ဒါကြောင့်လည်း ပင်လယ်ဖြူက အဖေ့သား ဖြစ်နေတာပေါ့ကွ၊ တစ်နေ့ကျရင်တော့ မင်းကို မြို့ကျောင်းပို့ကို ပို့ဦးမှာ ပေါ့ကွာ"

အဖေက သူ့ပခုံးကို ပုတ်ကာ သဘောကျစွာဖြင့် အားပါးတရ အော်ဟစ်ရယ်မောလိုက်သံသည် တောကြီးတစ်ခုလုံးကိုတောင် ပဲ့တင်မြည်ဟည်းသွားမလား မှတ်ရ၏။ သူလည်း ရောယောင်ကာ အဖေနှင့်အတူ လိုက်လံရယ်မောမိပါသည် ။

*

"တကယ့်ကို အချောလေး သိလား အစ်ကိုရေ၊ မနက်အစော ကြီးကမှ ပြောင်းလာကြတာ"

အိမ်ထဲသို့ စတင်ခြေချမိသည် နှင့် ဘုရားစင်အောက်တွင် ဆေးတံထိုင်ဖွာနေသော အဖေ့နားသို့ ကြီးဒေါ်ကြီးက ခြေလှမ်းကျဲကြီးများ ဖြင့် လှ

မ်းသွားကာ ခပ်ကျယ်ကျယ် ပြောလိုက်သော စကားဖြစ်သည် ။

မစဲနိုင်သေးသော မိုးနှင့်အတူ အိပ်ပျော်နေသော ပင်လယ်ဖြူသည်လည်း ထိုအသံကျယ်ကျယ်ကြောင့်ပင် နိုးသွားခဲ့ရခြင်း ဖြစ်သည် ။ အရင်လိုသာဆို သူအိပ်နေတာကို နိုးအောင်လုပ်သော ကြီးဒေါ်အား အပြစ်တင်မိမည်ဖြစ်သော်လည်း ခုတော့ ကြီးဒေါ် ယူလာသော သတင်းက သူစိတ်ဝင်စားသည့် အရာမို့ ချက်ချင်းပင် ခေါင်းများ ထောင်ထသွားမိ၏။ နားကိုလည်း အိမ်ရှေ့ဘက်သို့ အစွမ်းကုန် စွင့်ထားလိုက်သည် ။

"ကျွန်မက အိမ်ကြီးအကြီးကြီးဆိုတော့ မိသားစုများ မယ်ထင်တာ ခုတော့ တစ်ယောက်တည်းရှင်၊ တစ်ယောက်တည်းတောင်မှ တကယ့်ကို ချောလိုက်တာ မှုန်နေတဲ့ အမျိုးသမီးတစ်ယောက်တည်းတော့၊ ခန္ဓာကိုယ်ကလည်း ဘယ်လိုကြည့်ကြည့် ရိုးမသွားနိုင်ဘူး။ အသားလေးများ ဆိုရင် ဝင်းပြီးဝါပြီး မွတ်နေတာ၊ မျက်တောင်တွေများ ဆိုရင် အဝေးကကြည့်နေတဲ့ ကျွန်မတောင် လှမ်းမြင်ရတယ်၊ ပြီးတော့"

"ဟဲ့ မိတူး ညည်းဟာလေ ငါ့ကိုဘာတွေ လာပြောနေတာတုန်း အဲဒီ အိမ်ကြီးက ပိုင်ရှင်ရောက် လာပြီဆိုရင် တော်ပြီပေါ့၊ ဘယ့်နှယ် အဲဒီအမျိုးသမီးလှတဲ့ အကြောင်းတွေပါ အသေးစိတ်လျှောက် ရှင်းပြနေတော့တာပဲ"

အဖေ့အပြောကြောင့် ကြီးဒေါ်ရဲ့ ရေပက်မဝင် စကားတွေ လမ်းတစ်ဝက်မှာ တင် ရပ်သွားသည် ။ ပင်လယ်ဖြူလည်း ထရံတစ်ချပ်ခြားထားသော အခန်းထဲမှ နေ၍ ပါးစပ်ကို လက်နှင့်အုတ်ကာ ကြိတ်ရယ်လိုက်မိသည် ။

ကြီးဒေါ် စပ်စုတတ်သည့် အကြောင်းကတော့ တစ်ရွာလုံးက သိပြီးသားပါ။ သို့သော် သူက အပျော်သဘော စပ်စုသည် ဆိုသော်လည်း ကြီး

ဒေါ်ပြောသော သတင်းတွေက တိကျသည် ။ သေချာသည် ။ လိုသွားဟာသွားသည် ဆိုတာ မရှိ၊ သူ သဘောကျသည့် သတင်းမျိုးဆိုလျှင်တော့ အနည်းငယ် ပိုပိုသာသာလေး ပြောချင်ပြောမည်။

"ကျုပ်က အသေးစိတ်ပြောပြတယ်ဆိုတာ အကြောင်းရှိလို့ တော့"

ကြီးဒေါ်က သူ့ခဲအိုကို စိတ်ဆိုးပြီးဆိုလျှင် သူ့ကိုယ်သူ ကျွန်မလို့ ပြောနေရာကနေ ကျုပ်ဆိုပြီး ပြောင်းလဲသွားတတ်သည် ။ ခုပဲကြည့်လေ။

ကြီးဒေါ်က သူမ ရှေ့ဆက်ပြောမည့် စကားများကို အဖေ့အား မျက်စောင်းကြီးခဲရင်း မျက်နှာကြီးစူပုပ်ကာ ပြောတော့မည်ဆိုတာ ပင်လယ်ဖြူက မမြင်ရဘဲနှင့် အတပ်သိနေသည် ။

"ကဲ ဒါဆိုလည်း နင်ပြောတဲ့ အကြောင်းကိုပဲ ပြောစမ်းပါဟယ်"

"ဒီလိုလေ ဒီလောက်လှ ဒီလောက်ချောတဲ့ အမျိုးသမီးလေးက ဒီလောက်ကြီး ဒီလောက်ကျယ်တဲ့ အိမ်ကြီးထဲမှာ တစ်ယောက်တည်း နေမယ်ဆိုတော့ ထူးဆန်းမနေဘူးလား၊ သူ့အတွက် အန္တရာယ်တွေ ဘာတွေကို သူ မစိုးရိမ်ဘူးလားလို့ ပါ"

"တယ် ဒီမိတူးကတော့လေ ငါတို့ ရွာမှာ ဘယ်သူမှ သူ့ကိုအန္တရာယ်ပြုမယ့်သူ မရှိဘူးဆိုတာ သူ သိလို့ ဖြစ်မှာ ပေါ့"

"အို ကျုပ်က မိန်းကလေးချင်း ကိုယ်ချင်းစာလို့ တွေးမိပြီး ပြောတာတော့ အစ်ကိုတို့ ယောကျာ်းတွေကလေ ဘာမှ နားမလည်ပါဘူး"

ကြီးဒေါ်က ပင်လယ့်အမေရဲ့ အစ်မဖြစ်သော်လည်း အဖေ့ထက်ကျတော့ ငယ်နေသေးပြန်သည် ။ အဖေနဲ့ အမေက အသက်ရှစ်နှစ်ကျော်ကွာသည် လေ။ ခုတော့ အမေ့အမျိုးများ ထဲတွင် အမေ အပါအဝင် အားလုံး ဆုံးပါးကုန်ကာ ကြီးဒေါ် တစ်ယောက်တည်း

သာ ကျန်ခဲ့၏။

တစ်ရွာတည်းသားချင်း ဟိုအရင်ကတည်းက အကြောင်းသိချင်းလည်း ဖြစ် အမေကလည်း အဖေ့ကိုယူလိုက်တော့ အမေဆုံးပါးပြီးသွားသော်လည်း အဖေနှင့်ကြီးဒေါ်ကတော့ တကယ့် မောင်နှမအရင်းအချာတွေလို ဖြစ်နေတော့သည် ။

အဖေ့ကို ပွစိ ပွစိ ပြောကာ အိမ်ပေါ်မှ ခြေဆောင့်ပြီး ပြန်ဆင်းသွားတော့ ကြီးဒေါ် ခြေသံရပ်သွားမှ မျက်နှာသစ်ရန် အိမ်နောက်ဖေး စဥ့်အိုးဆီ သူ ထသွားလိုက်သည် ။

မျက်နှာသစ်နေရင်းနှင့်အောင် သူ့အာရုံတွေထဲမှာ ထိုခြံကြီးကို မြင်ယောင်နေမိသေးသည် ။ အဲဒီခြံကြီးကို ပြောင်းလာသော အမျိုးသမီးသည် လည်း ကြီးဒေါ် ပြောသလို ချောချောလှလှပဲ ဖြစ်မည်ဆိုတာ သူယုံကြည်လိုက်၏။

"ဟော့ကောင် ပင်လယ်ဖြူ ဒါ ဘယ်လဲ"

"ရွာမြောက်ပိုင်းဘက် ခဏ သွားမလို့ ပါဗျ"

"ဘာကိစ္စတုန်း ဟိုရှုပ်ရှုပ်ယှက်ယှက် ကောင်လေးတွေနဲ့ သွားမရောနဲ့ နော်"

ရွာမြောက်ပိုင်းတွင် နေသော ဖိုးအောင်တို့ ကို အဖေ ဆိုလိုကြောင်း ပင်လယ်ဖြူ သဘောပေါက်ပါသည် ။

"အဲဒီကောင်လေးတွေက တစ်နေ့ တစ်နေ့ ဘာအလုပ်မှ မလုပ်ဘဲ ရွာရိုးကိုးပေါက် လျှောက်သွားနေကြတာ၊ နေညိုပြီဆို ထန်းရည်လေးကလည်း တမြမြနဲ့ လုပ်ချင်ကြသေးတယ်"

အဖေ့ စကားကြောင့် သူပြုံးလိုက်မိသည် ။ သူ ပြုံးလိုက်သောအခါ

အောက်နှုတ်ခမ်းနှင့် ပါးစပ်အစပ်နားမှာ ချိုင့်သေးသေးလေးတစ်ခု ခွက်ဝင်သွား၏။ ထိုအခါ သူ့မျက်နှာက ပိုလို့ တောင် ကလေးဆန်သွားပါသည် ။

"အဖေကလည်း ဗျာ အဖေ့သား ပင်လယ်ဖြူကရော ဘာတွေများ အလုပ်အကိုင် ရှိလို့ လဲ၊ သူတို့လို တစ်ရာ့ကိုးတစ်ရာတစ်ဆယ်ပဲ မဟုတ်လား"

"ဟော့ကောင် ပင်လယ်ဖြူ မင်းကိုငါက တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် အဖြစ် လွှတ်ထားတာ မဟုတ်ဘူး ၊ တစ်နေ့ကျရင် မင်းက ပညာတတ်ကြီးတစ်ယောက် ဖြစ်ရမှာ ၊ ဖိုးအောင်တို့လို ကလေကဝတွေက ကကြီးခခွေးတောင် ဖြောင့်ဖြောင့် ရေးနိုင်ကြတာ မဟုတ်ဘူး "

"ဟုတ်ပါတယ် အဖေရယ်၊ သားကလည်း သူတို့ ဆီသွားမှာ မဟုတ်ပါဘူး။ သားကိစ္စလေး တစ်ခုရှိလို့ ပါ"

"ဘာကိစ္စလဲ"

အဖေက မယုံကြည်နိုင်သေးစွာပင် ပင်လယ်ဖြူအား မျက်ထောင့်နီကြီးနှင့် ကြည့်ပြီးမေး၏။

"အရီးလှက သူ့အိမ်မှာ ဒီနေ့ ဝက်သားဆီပြန်ဟင်းချက်မယ်လို့ မနေ့ညနေကတည်းက သားကို အကြောင်းကြားထားလို့ ပါ၊ အဲဒါ သွားတီးမလို့ ဗျ"

ဒီလောက်ဆိုလျှင် အဖေ ယုံကြည်သွားလောက်ပါပြီ၊ အရီးလှ ဆိုတာက ပင်လယ်ဖြူ ငယ်ငယ်တည်းက အသားဖြူဖြူ တစ်တုံးတစ်ခဲလေးမို့ အလွန်ချစ်ခင်သော မိန်းမကြီးဖြစ်သည် ။ ငယ်စဉ်တည်းကလည်း သူ့သမီးငယ်ဆုံးမလေးရဲ့ နာမည်ကိုတောင် လမင်းဖြူလို့ မှ ည့်ထားပြန်သည်

။

ပင်လယ်ဖြူကတော့ လမင်းဖြူကို စိတ်မဝင်စား။ အရီးလှချက်သော ဆီပြန်အသားဟင်းများကိုသာ စိတ်ဝင်တစားရှိတတ်သည် ။ အဖေ အမေ မလိုက်လျှင် ပင်လယ်ဖြူတို့ က အသားဟင်းမစားရ။

အရီးလှတို့ ကတော့ ငါးရက်တစ်ဈေးလုပ်သော ရွာနီးချုပ်စက်က ဈေးတန်းလေးဆီမှာ အခါအားလျော်စွာ အသားများ ဝယ်ယူချက်ပြုတ်တတ်သည် ။ အဲဒီလို ချက်သည့်နေတိုင်းလည်း ပင်လယ်ဖြူကို ခေါ်ယူ ကျွေးမွေးနေကျ ဖြစ်၏။

အဖေက ဘာမှ ထပ်မမေးတော့သည် မို့ သူလည်း လေတစ်ချက်ချွန် လိုက်ရင်း အိမ်ပေါ်မှ ဆင်းလာခဲ့တော့သည် ။ အရီးလှအိမ်မှာ ထမင်းနှင့် ဝက်သားဟင်းကို သုံးပန်းကန်လောက် စားသောက်ပြီးချိန်မှာ တော့ သူ သည် ဗိုက်အင့်ကာ အိမ်ရှေ့ကွပ်ပျစ်လေးတွင် ထိုင်ရင်း ရေနွေးကြမ်းနှင့် ထမင်းချိုးကြော်ကို နည်းနည်းစီ ဖွဲ့ဝါးနေမိသည် ။

အဲဒီအချိန်မှာ ပဲ လမင်းဖြူက သူ့နားတွင် စွပ်ခနဲ ဝင်ထိုင်လိုက်ပြီး

"ဖြူ လမင်းကို ရေနွေးတစ်ခွက် ငှဲ့ပေး"

"နင့်ကိုငါ ဘာပြောထားလဲ လမင်းဖြူ၊ ငါ့ကိုနောက်တစ်ခါ ဖြူလို့ ထပ်မခေါ်နဲ့ "

သူက လမင်းဖြူမျက်နှာကို စေ့စေ့ကြည့်ကာ ငေါက်လိုက်သည် မို့ လမင်း နှုတ်ခမ်းလေးက အလိုလို စူပုပ်သွား၏။ သူ ဂရုမစိုက်ပါ။ လမင်းဖြူကို သူ အမြင်ကတ်သည် ။

သူ့နားကို အမြဲလိုလို လိုက်တွယ်ကပ်နေခြင်းကိုလည်း သူသဘောမကျ။ 'ငါ့နွေကို မရဘူး' ဟု လည်း နှုတ်မှ တိုးတိုးရေရွတ်လိုက်မိသေး၏

။

"ဘယ်လိုပြောလိုက်တယ် လမင်းကို ဖြူ ဘယ်လိုပြောလိုက်တာလဲ"

သူစိတ်ပျက်စွာနှင့် ကျစ်ခနဲ စုပ်သတ်လိုက်ရင်း ကွပ်ပျစ်လေးမှ ထရပ်ပြီး ပုဆိုးကို တိုတိုပြင်ဝတ်လိုက်၏။ ပြီးနောက် အိမ်ထဲသို့ လှမ်းမျှော်ကြည့်ကာ

"အရီးလှရေ ပင်လယ် ပြန်ပြီနော်"

"အေး သားရေ ဒီမှာ အရီးလှ နှီးရက်နေလို့ ဟော့၊ မင်းအဖေအတွက် မင်းညီမကို ဝက်သားဟင်း ထည့်ခိုင်း လိုက်လေ"

"ရတယ် အရီးလှ ကျွန်တော် အိမ်မပြန်သေးဘူး၊ ကန်ဘက်သွားလိုက်ဦးမယ်၊ အပြန်မှ ပဲ ဝင်ယူလိုက်မယ်"

"အေး အေး ဒါဆိုလည်း ပြီးရော သားရေ၊ မင်းညီမကို ထည့်ခိုင်း ထားလိုက်မယ်"

အရီးလှက လမင်းဖြူကို သူနှင့်တော်တော်လေး နီးစပ်စေချင်မှန်း ပင်လယ်သိပါသည် ။ အရီးလှကိုတော့ လူကြီးမို့ သူ ဘာမှ မပြောနိုင်သော်လည်း စပ်ဖြီးဖြီးလုပ်နေသော လမင်းဖြူကိုတော့ လက်သီးရွယ်ကာ ခပ်သွက်သွက် ထွက်ခဲ့မိ၏။

သူ့ရဲ့ ခြေဦးတည့်ရာက ဟိုအိမ်ကြီးဆီသို့။ အဲဒီအိမ်ကြီးကို ပြောင်းလာသည် ဆိုသော ခပ်ချောချော အမျိုးသမီးကို မြင်လိုက်၍ လည်း သူ ထွက်လာခဲ့ခြင်း ဖြစ်သည် ။ ဘာရယ်တော့ မဟုတ်ပါ။ မြို့ပေါ်ကနေပြီး တစ်ကိုယ်တည်း ပြောင်းလာသည် ဆိုသော အမျိုးသမီး လှလှကို သူမြင်ဖူးချင်နေမိခြင်း ဖြစ်သည် ။

ပြီးတော့လည်း အဲဒီအိမ်ကြီးကို ပိုင်ဆိုင်သည် ဆိုတည်းက တော်

တော် ချမ်းသာသော အမျိုးသမီးသာ ဖြစ်ပါလိမ့်မည်။

ကိုယ့်အတွေးနှင့်ကိုယ် ဘာကိုသဘောကျမှန်းမသိဘဲ နှုတ်ခမ်းများက ပြုံးယောင်သန်းသွားကာ ပခုံးကိုပင် တစ်ချက် တွန့်လိုက်မိသေး၏။

ထိုအိမ်ကြီးဆီသို့ သွားရာလမ်း၏ လမ်းချိုးလေးထိပ် အရောက်မှာ ပဲဖိုးအောင်တို့ အုပ်စုနှင့် ပင်လယ် တည့်တည့်တိုးတော့သည် ။

“ဟာ ဟော့ကောင် ပင်လယ်ဖြူ ဘယ်လဲ၊ ထူးထူးဆန်းဆန်း မင်းက ဒီလမ်းဘက်ကို လာလို့ ပါလားကွ”

“ငါ့ဟာငါ လာတာပဲ ဖိုးအောင်ရယ် ဘာဖြစ်လို့ လဲ”

ဖိုးအောင်တို့ နှင့် သူက ရန်စရှိသော သူတွေတော့ မဟုတ်ပါ။ ငယ်ငယ်တုန်းကတောင် တော်တော်လေး ပေါင်းဖြစ်ခဲ့သေးသည် ။ သို့သော် ပင်လယ်ဖြူက အဖေ့အမိန့်ကို မလွန်ဆန်နိုင်သူမို့ နောက်ပိုင်းမှာ ဒီကောင်တွေနှင့် ခပ်တန်းတန်းသာ နေဖြစ်ခဲ့၏။

“ဘာမှ မဖြစ်ပါဘူးကွာ မင်းကိုငါတို့ က သတင်းပေးမလို့ ပါ”

“ဘာလဲ”

“ဟိုအိမ်ကြီးပေါ်ကို ဥစ္စာစောင့်မတစ်ယောက် ရောက်နေတယ်ကွ၊ မင်း သိပြီးပြီလား”

ဖိုးအောင်စကားက အထူးအဆန်းပါ။

“မင်း ဘာကိုဆိုလိုတာလဲကွ”

“ဘာကိုဆိုလိုရမှာ လဲ၊ အဲဒီအိမ်ကြီးပေါ်ကို ဒီမနက်အစောကြီးပဲ မိန်းမတစ်ယောက် ပြောင်းလာတယ်လေ၊ ချောလိုက်တာများကွာ ရက်ရက်စက်စက်ပဲ၊ လမင်းဖြူကို ချောတယ်ဆိုတာ အဲဒီ မိန်းမ သွားရည်တွေ

ကျပြီး အိပ်ပျော်နေသလောက်ပဲ ရှိမှာ ပေ့ါ”

“နေပါဦးကွ မင်းက မြင်ဖူးလို့ လား”

ပင်လယ်က မျက်မှောင်ကြီးကျုံ့ကာ အလိုမကျသလို မေးလိုက်မိသည် ။

“အေးလေကွာ မနက်အစောပိုင်း လင်းကြက်တွန်ချိန်လောက် ကမ္ဘါက ဦးမြမောင် ထန်းတောက ပြန်လာတာလေ၊ အဲဒီ အိမ်ရှေ့ ဖြတ်လျှောက်မိတော့ အဲဒီ အမျိုးသမီးကို တိုးတော့တာပဲဟ့၊ ပထမ တော့ ငါလည်း လန့်သွားတာပေ့ါ၊ တကယ်ပဲ ဥစ္စာစောင့်တွေ ဘာတွေများ လားပေ့ါ၊ ဘယ်တော့မှ မဆိုတဲ့ ဘုရားစာတောင် ကြောက်ကြောက်လန့်လန့်နဲ့ ရွတ်လိုက်မိသေးတယ်၊ နောက်မှ အထုပ် တွေ ဘာတွေနဲ့ ဆိုတော့ ဥစ္စာစောင့်တော့ မဟုတ်လောက်ဘူးလို့ ပြန် တွေးမိတာနဲ့ ဟန့်ကိုယ့်ပြီး ပြန်လျှောက်လာရတယ်”

ဖိုးအောင်က လေကြောကို ရှည်လျားစွာ ရွက်လွှင့်ပြီးမှ ပင်လယ့်ကို နှုတ်ဆက်ကာ ထွက်သွား၏။ ပင်လယ်မှာ တော့ ဘာကိုအလိုမကျ ဖြစ် နေမှန်းကို မသိ။

အဲဒီ အမျိုးသမီးက တကယ်ပဲ လူတကာပြောရလောက်အောင် ချော နေလို့ လား၊ ပြီးတော့ တစ်ရွာလုံးနီးပါး မြင်ဖူးနေကြပြီး ပင်လယ်က တော့ အရိပ်လေးတောင် မတွေ့ရသေး။ အဲဒါကို အလိုမကျ ဖြစ်နေမိ တာသာ ဖြစ်မှာ ပါ။

ကိုယ့်ဘာသာ တစ်ကိုယ်တည်း အတွေးများ နှင့် လမ်းလျှောက်လာရင်း ထိုအိမ်ကြီးရှေ့ရောက်တော့ အိမ်ဘက် မျက်နှာမူလိုက်ကာ လက်ကို ခါးပေါ်ထောက်ပြီး ခပ်တည်တည်နှင့် ငေးမောကြည့်နေမိ၏။ အရင်က လို ငြိမ်သက်မှုများ နှင့် မဟုတ်တော့သော အိမ်ကြီးကို သူစိုက်ကြည့်နေ

မိသည် ။

သူ ဒီလောက် အကြာကြီး ရပ်နေတာတောင် လူတွေပြောနေကြသည့် အိမ်ပိုင်ရှင် အမျိုးသမီးကို ဘာလို့ မတွေ့ရတာလဲ မသိ။ အိမ်ရှေ့ဆင်ဝင်အောက်မှ ကျွန်းတံခါးမကြီးနှင့် အိမ်ပေါ်ထပ် ရှေ့မျက်နှာစာမှ ပြတင်းတံခါးတစ်ချပ် ပွင့်နေတာတော့ တွေ့ရသည် ။ ကျန်တာအားလုံးက ပုံမှန်။

မိနစ်တံ တစ်ဝက်ပတ်ပြီးခန့် အချိန်ထိ ဘာထူးခြားမှုမှ မတွေ့ရသောအခါ လူပြောများ နေသော ထိုအမျိုးသမီးကို မြင်ချင်စိတ်လည်း မရှိတော့၍ နောက်ကြောင်းပြန်လှည့်ခဲ့လိုက်တော့သည် ။

သို့သော် စိတ်ထဲက ကျေနပ်သည် မဟုတ်။ သူများ တွေ ပြောနေကြသည့် အကြောင်းအရာတစ်ခုကို သူက ေးမော နားထောင်နေရတာမကြိုက်။ အထူးသဖြင့် ထိုအိမ်သို့ ရောက်လာသော ပိုင်ရှင်များ အကြောင်းဆိုတော့ ပိုဆိုးသည် ။ ပြီးတော့ ထိုပိုင်ရှင်ကလည်း လူတိုင်း ေးမောရအောင်လှသော အမျိုးသမီးတစ်ဦးတဲ့ ။

သူတစ်ယောက်တည်း ဒီအိမ်ကြီးမှာ လာနေတာတဲ့ ။ အရာရာသည် အထူးထူးအဆန်းဆန်း။ သူ့စိတ်ထဲမှာ ထိုအမျိုးသမီးရဲ့ အကြောင်းကို သူသာလျှင် ပထမဆုံးသိသည့်သူ ဖြစ်ချင်နေမိသည် ။

အဲဒီတည်းကိုက ပင်လယ်ဖြူဟာ မမနဲ့ ပတ်သက်ပြီး သဝန်တိုတတ်ခဲ့တာပါ။

*